# ကျေးရွာလက်စွဲစာအုပ်



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်
ငွေးပင်လယ်ကျေးရွာအုပ်စု၊ ညောင်ပင်ရွာကျေးရွာ

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (      )ရက်

## မာတိကာ


၁။ ကျေးရွာတင်ဝှက်ပြုလွှာ

၂။ မာတိကာ (မြို့နယ်အုပ်ချုပ်ရေးမှူးလက်မှတ် ပါသည့်စာရွက်)

၃။ မိတ်ဆက်----

ဦးအောင်မင်းနိုင်လက်မှတ်

ကျေးရွာအုပ်ချုပ်ရေးမှူးလက်မှတ်

၄။ မြေပုံရေးဆွဲရခြင်းရည်ရွယ်ချက်။

၅။ ကျေးရွာအခြေခံသတင်းအချက်လက်အနှစ်ချုပ်

၆။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ

၇။ ရာသီခွင်ပြဇယား

၈။ ပြဿနာသစ်ပင် နှင့် ဖြေရှင်းမှုစက်ကွင်း

၉။ ဝန်ဆောင်မှုနှင့် အခွင့်အလမ်းမြေပုံ

၁၀။ အနာဂတ် မျှော်မှန်းချက် မြေပုံ

၁၁။ ထူးခြားဖြစ်စဉ် မြေပုံ။

၁၂။ လူမှုကာကွယ်စောင့်ရှောက်မှုအခြေအနေပြဇယား

၁၃။ လုပ်ငန်းအကောင်အထည်ဖော်ဇယား (Action Plan)

၁၄။ စားဝတ်နေရေးနှင့် ထိခိုက်လွယ်မှု အနေအထားအရ ကျေးရွာမှအဆင့်သတ်မှတ်ထားမှု ဇယား

၁၅။ အခြေခံ သတင်းအချက်အလက် ဇယား။


CS CamScanner

## မကွေးတိုင်းဒေသကြီး စီမံကိန်းဦးစီးမှူး
## ညွှန်ကြားရေးမှူး ဦးစန်းလွင် ၏
## ဥယျောဇဉ်

ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာအဆင့်ဆင့်ဖြင့် နိုင်ငံတော်နှင့် ပြည်သူအားလုံး၏ လူမှုစီးပွား ဖွံ့ဖြိုးမှုကို အကောင်အထည်ဖော်ရာတွင် မူဝါဒများ၊ ဥပဒေများကဲ့သို့ အထက်မှ စတင်ပြောင်းလဲခြင်း များ အရေးကြီးလှပါသည်။ ကျယ်ပြန့်လှသော ပြည်သူအလွှာစုံနှင့် ကျေးလက်ဒေသနေ ပြည်သူများ ၏ လိုအပ်ချက်များကို အဓိကထား ဖြည့်ဆည်းနိုင်ရေးအတွက် အောက်ခြေမှစတင်သည့် ပြည်သူ ဗဟိုပြု စီမံချက်များကို ပြည်သူများကိုယ်တိုင် စုစည်း၍ ပါဝင်ဆောင်ရွက်မှုများလည်း အလွန်ပင် အရေးပါသည့် လုပ်ဆောင်ချက် ဖြစ်ပါသည်။ ထိုသို့ လိုအပ်သောလုပ်ဆောင်ချက်တစ်ခုကို Action Aid Myanmar က အဖွဲ့အစည်း အသီးသီးနှင့် ဆက်စပ်ပူးပေါင်း၍ “**အားလုံးအကျုံးဝင် ဖွံ့ဖြိုး တိုးတက်မှုအတွက် အောက်ခြေမှ စီမံကိန်း ရေးဆွဲခြင်း**” လုပ်ငန်းစဉ်ဖြင့် ကျေးရွာလက်စွဲစာအုပ် (Village Book)များ ဖော်ထုတ် ရေးဆွဲ ပြုစုခြင်းဖြင့် အားဖြည့်လုပ်ဆောင်မှုကို ကြိုဆိုကြမည်ဟု ယူဆပါသည်။

ကျေးရွာလက်စွဲစာအုပ်များတွင် ကျေးရွာများ၌ နေထိုင်ကြသော ဒေသခံများကိုယ်တိုင် မိမိရွာ၏ လိုအပ်ချက်၊ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးဖော်ထုတ်ခြင်း၊ စိန်ခေါ်မှုများ၏ ပြဿနာ အရင်းအမြစ်များ ဖော်ထုတ်ခြင်း၊ ဦးစားပေးလုပ်ငန်းများ ရွေးချယ်ခြင်း တို့ကို တွေ့ရှိရမည် ဖြစ်ပါသည်။ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ထွန်းလာရေးကိုလည်း အားလုံး က အပြုသဘောဆောင်သည့် အတွေးအခေါ်ခံယူချက်များဖြင့် အားဖြည့် ဆောင်ရွက်ကြရမှာလည်း ဖြစ်ပါသည်။ ဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးရေးအတွက် စစ်မှန် ထိရောက်သော ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရန် ယခုအစပြုမည့် ကောင်းမွန်သော ပတ်ဝန်းကျင် အခြေအနေကို ပြည့်ဝစွာ အသုံးချ၍ ပြည်သူ့ဝန်ထမ်းများနှင့်အတူ ကျေးလက်နေပြည်သူအားလုံး ပါဝင်ပူးပေါင်းဆောင်ရွက်ကြစေကြောင်း စေတနာအရင်းခံဖြင့် ဆန္ဒပြုအပ်ပါသည်။

ဦးစန်းလွင်
ညွှန်ကြားရေးမှူး
မကွေးတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး

CS CamScanner

# ကျေးဇူးတင်ဂုဏ်ပြုလွှာ

မကွေးတိုင်းဒေသကြီး၊ပခုက္ကူခရိုင်၊မြိုင်မြို့နယ်သည် ရပ်ကွက် (၃)ရပ်၊ ကျေးရွာ အုပ်စု (၈၀)အုပ်စု၊ စုစုပေါင်းရပ်ကွက်/ကျေးရွာအုပ်စု(၈၃)အုပ်စု၊ ကျေးရွာပေါင်း (၃၂၉) ရွာတည်ရှိ၍ (၇၈၅.၆၆၀) စတုရန်းမိုင်ရှိပါသည်။ ၂၀၁၆ အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာများနှင့် ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး ထောင်စုနှစ်ရည်မှန်းချက်များ ချမှတ်ခဲ့ပါသည်။ ဒီလိုပြုပြင်ပြောင်းလဲမှု မဟာဗျူဟာ အမျိုးမျိုးအဆင့်ဆင့်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အထက်အဆင့်မှာသာမှုပါဝရေရာ ပြောင်းလဲခြင်းမျိုးမဟုတ်ဘဲ အမှန်တကယ်မြေပြင်မှာပြုပြင်ပြောင်းလဲမှုရဲ့အသီးအပွင့်တွေကို ပြည်သူအများ ခံစားရရှိနိုင်ဖို့ဟာ အဓိက ကျပါတယ်။ ဒီလိုပြည်သူ အများရဲ့ လူမှုစီးပွားလိုအပ်ချက်ကိုအဓိကထား၊ ဖြည့်ဆည်းပေးနိုင်ဖို့ အတွက် ပြည်သူ ဗဟိုပြုဖွံ့ဖြိုးရေး (People-Centered Development) လုပ်ငန်းတွေကိုအောက်ခြေမှစ၍ အမှန်တကယ် ကြိုးပမ်း ဆောင်ရွက်နိုင်ဖို့လိုအပ်ပါတယ်။

ပြည်သူ့ဝန်ထမ်းများအနေနဲ့ပြည်သူအများရဲ့လူမှုစီးပွားရေးလိုအပ်ချက်တွေကိုပြည်သူ့အသံပြည်သူ့ဦးစားပေးလိုလားချက်တွေနဲ့အညီဆက်စပ်ဖြည့်ဆည်းဆောင်ရွက်သွားနိုင်မှသာတာဝန်ခံယူမှုရှိတဲ့ကောင်းမွန်သောအုပ်ချုပ်မှုစနစ်တစ်ခုဖြစ်ထွန်းလာမှာဖြစ်ပါသည်။ ပြည်သူအများရဲ့ဦးစားပေး လိုအပ်ချက်တွေကို ဖော်ထုတ် ဆောင်ရွက်ရာမှာ ပြည်သူအများပူးပေါင်းပါဝင်မှုရှိဖို့ဟာ လွန်စွာအရေးကြီးလှပါသည်။ ထို့ကြောင့် လူထုက ကိုယ်တိုင်ကိုယ်ကျပူးပေါင်းပါဝင်ပြီး မိမိတို့ရပ်ရွာကိုလေ့လာသုံးသပ်၊ ဦးစားပေးလုပ်ငန်းများရွေးချယ်ပြီး အစီအစဉ်များ ရေးဆွဲနိုင်မှသာပြည်သူအများ အမှန်တကယ်လိုအပ်ချက်များကို ထိထိ ရောက်ရောက် ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မှာဖြစ်သလို စီမံကိန်းရေးဆွဲမှုများဟာလည်း အမှန်တကယ် အောက်ခြေကစလို့ ရေရှည်ဖွံ့ဖြိုး တိုးတက်မှုကိုဦးတည်နိုင်တဲ့ ပြည်သူ့ဗဟိုပြုစီမံကိန်းများအဖြစ် အကောင်အထည်ဖော်နိုင်မှာဘဲဖြစ်ပါတယ်။ သို့မှသာကျေးရွာအစီအစဉ်မှ ကျေးရွာအုပ်စုအစီအစဉ်၊ ထိုမှတဆင့် မြို့နယ်အစီအစဉ်၊ ထိုမှတဆင့် ခရိုင်၊ တိုင်းဒေသကြီး အဆင့်ဆင့်စုစည်းမိပြီး တိုင်းဒေသကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Regional Comprehensive Development Plan) ကိုအောင်မြင်စွာအကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရဌာနများအနေနဲ့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုနှင့်အတူ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် စီမံကိန်းအဆင့်ဆင့်မှာ ဦးစားပေးပြီးဆောင်ရွက်နေတာ လက်ရှိ အချိန်ထိဘဲဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပိုမိုထိရောက်စေဖို့ အတွက် သက်ဆိုင်ရာ ပြည်တွင်းပြည်ပအဖွဲ့အစည်းအသီးသီးနဲ့ဆက်စပ်ဆောင်ရွက်ခဲ့ပြီး ယခုဆိုရင် မကွေးတိုင်း

CamScanner

ဒေသကြီးအစိုးရအဖွဲ့နှင့် ရှင်းဒေ့ဗ်မြန်မာတို့ ပူးပေါင်း၍ "အားလုံးအကျုံးဝင်၍ ငြိမ်းချမ်းတိုးတက်မှုအတွက် အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း" လုပ်ငန်းစဉ်တစ်ရပ်ကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလုပ်ငန်းစဉ်အရ ပြည်သူအများပူးပေါင်းပါဝင်ရေးဆွဲထားတဲ့ကျေးရွာလက်စွဲစာအုပ် (Village Book)များကို ဖော်ထုတ်သွားရုံမျှ လုပ်ငန်း အကောင်အထည်ဖော်ရာမှာအားလုံးအကျုံးဝင်ဆောင်ရွက်နိုင်ရေးအတွက်အစီအမံများရေးဆွဲနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့်ယခုလုပ်ငန်းစဉ်ကိုအဓိကကာကွယ်အကောင်အထည်ဖော်ရမည့်ဌာနဆိုင်ရာများအတွက်"အားလုံးအကျုံးဝင်၍ ငြိမ်းချမ်းတိုးတက်ရေးအတွက်အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း"သင်တန်းကိုနည်းပြသင်တန်းတက်ရောက်ပြီး ပြန်လည် လုပ်ဆောင်ခြင်းဖြစ်ပါသည်။

ယခုလို "အားလုံးအကျုံးဝင်၍ ငြိမ်းချမ်းတိုးတက်မှုအတွက်အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း" လုပ်ငန်းစဉ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကဦးဆောင်ပြီး အက်ရှင်အေ့ဒ် မြန်မာ၏ပံ့ပိုးမှုဖြင့် မြို့နယ်တစ်မြို့နယ်လုံးအတိုင်းအတာနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ထိရောက်စွာကြီးကြပ်စီမံနိုင်ရေးအတွက် သင်တန်းတက်ရောက် လာသော အရာရှိများနှင့်အတူအားလုံးက ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

နိုင်ငံချုပ်အနေနဲ့အတူတလည်ပတ်တခါတလေလိုတာကတော့ ကောင်းမွန်တဲ့အုပ်ချုပ်မှုစနစ် တစ်ခု ဖြစ်ထွန်း၊ လာဖို့အတွက် စနစ်အတွင်းမှာပါဝင်တဲ့သူအားလုံးရဲ့အတွေးအခေါ် စိတ်ယူချက်(mind-set)တွေ ပြောင်းလဲ နိုင်ဖို့လိုအပ်ပါတယ်။ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် (GoodGovernance) ၏ အခြေခံအရာများဖြစ်ကြတဲ့

(1) အများစုပါဝင်စေခြင်း(Participation)

(2)စည်းမျဉ်းစည်းကမ်းဥပဒေကိုလေးစားလိုက်နာခြင်း(Rule of law)

(3)ကြိုတင်ခန့်မှန်းနိုင်မှုဖြစ်စေခြင်း(Predictability)

(4)ပွင့်လင်းထင်သာမြင်သာဖြစ်ခြင်း(Transparancy)

(5)တုံ့ပြန်ဆောင်ရွက်မှုရှိခြင်း(Responsiveness)

(6)အများစုဆန္ဒသဘောကိုရှေ့ရှုခြင်း(Consensus Orientation)

(7)ညီမျှမှုနှင့်အများစုစဉ်းစားခြင်း(Equity & Inclusiveness)

(8)ထိရောက်မှုရှိခြင်းနှင့်စွမ်းဆောင်ရည်ပြည့်ဝခြင်း။(Effectiveness and Efficiency)

(9)တာဝန်ယူမှုရှိခြင်း (Accountability)

စတဲ့အခြင်းအရာများတို့ဟာ ကျေးရွာလက်စွဲစာအုပ် ပြုစုစဉ် တလျှောက်လုံးနဲ့ ပြည်သူလိုလားချက်များကို ဝိုင်းဝန်း ကြိုးပမ်းအကောင်အထည် ဖော်ကြတဲ့အခါမှာ ပြည်သူများအနေနဲ့လည်း ယခုလို ကျေးရွာစာအုပ်တွေ ရေးဆွဲပြီး လူမှုစီးပွားလိုအပ်ချက်တွေကို ဖော်ထုတ်တဲ့နေရာမှာ အမှန်တကယ်တက်ကြွစွာ ပူးပေါင်းပါဝင် လိုစိတ်ရှိဖို့အရေးကြီးသလို ပြည်သူ့ဝန်ထမ်းများအနေနဲ့လည်း အမှန်တကယ်အောက်ခြေအထိဆင်းပြီး ပြည်သူများနဲ့တသားတည်းပံ့ပိုးကူညီဆောင်ရွက်သွားနိုင်ဖို့လည်းအရေးကြီးပါတယ်။ ဒီလုပ်ငန်းစဉ်တစ်ခုလုံး အတွက် အခုလိုနည်းပညာပိုင်းအရထောက်ပံ့ပံ့ပိုးပေးတဲ့အက်ရှင်အေ့ဒ်မြန်မာ၊ ကျေးရွာဖွံ့ဖြိုးရေး လူငယ် သင်တန်းဆရာ၊ ဆရာမများအပြင် မြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနနှင့် အမျိုးသားစီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ အရာရှိ သုံးဦးကိုလည်း မြိုင်မြို့နယ်ကိုယ်စားအနေဖြင့် ကျေးဇူးတင်ရှိကြောင်းမှတ်တမ်းတင်လိုက်ရပါတယ်။

မြို့နယ်အုပ်ချုပ်ရေးမှူး

မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မြိုင်မြို့နယ်၊ မြိုင်မြို့၊

ရက်စွဲ၊ ၂၀၁၇ ခုနှစ် ၊ (            )လ ၊ (        )ရက်

# မိတ်ဆက်

ဤကျေးရွာလက်စွဲစာအုပ်သည် မိမိတို့ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး အခြေအနေ အရပ်ရပ်တို့နှင့် ဘေးအန္တရာယ် အတွေ့အကြုံများ၊ ထိခိုက်ခဲ့ရမှုများကို လူထုကိုယ်တိုင် ကျေးရွာအတွင်း၊ ရပ်ကွက်အတွင်း စကားဝိုင်းဆွေးနွေးပွဲများမှ ထွက်ပေါ်လာခဲ့သော အကြောင်းအရာများကို မှတ်တမ်းတင်ထားခြင်းဖြစ်ပြီး ၎င်းအချက်အလက်များကို အခြေခံ၍ မိမိတို့ကျေးရွာ၊ ရပ်ကွက်တိုးတက်ဖွံ့ဖြိုးလာစေရန် လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ကာ မည်ကဲ့သို့ အောင်မြင်ဖြစ်ထွန်းစေရန် ကြံဆောင်လုပ်ကိုင်နိုင်ကြမည်ဟူသော လိုအပ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရေးအစီအစဉ်ကို ရေးဆွဲကြခြင်းဖြစ်သောကြောင့် မိမိတို့ကျေးရွာ၏ ရည်မှန်းချက်ပန်းတိုင်ကို သတ်မှတ်ဖော်ထုတ်သော အစီအစဉ်များဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

ဤကျေးရွာလက်စွဲစာအုပ်မှတ်တမ်း ပေါ်ထွက်လာစေရန်အတွက် အဓိကကူညီပံ့ပိုးကာ အချက်အလက်များကို ကျေးရွာအတွင်း စကားဝိုင်းနှင့် ဆွေးနွေးပွဲများ ပြုလုပ်ကာ မှတ်တမ်းပြုစုသူများမှာလည်း ဤကျေးရွာမှပင်ဖြစ်ကာ ယခုကဲ့သို့ မှတ်တမ်းပြုစုနိုင်ရန်အတွက်လည်း Action Aid (INGO) အဖွဲ့မှ သင်တန်းတက်ရောက်ခဲ့ပါသည်။

ထို့ကြောင့် ကျေးလက်စွဲစာအုပ်သည် ဘေးအန္တရာယ်များကို မည်ကဲ့သို့ကြိုတင်ကာကွယ်ရမည်၊ ထိခိုက်မှုကိုမည်ကဲ့သို့လျော့နိုင်မည် အစရှိသည့်နည်းလမ်းများကို လုပ်ဆောင်လာနိုင်ရန် လမ်းညွှန်မှုများကိုလည်း ပြုလုပ်နေပါသောကြောင့် ဘေးအန္တရာယ်ကြောင့် မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍတို့တွင် ထိခိုက်ဆုံးရှုံးရမှုများကို လျော့နည်းသက်သာစေမည်လည်း ဖြစ်ပါသည်။

ဤကဲ့သို့ တစ်ရွာလုံး၏ အတွေ့အကြုံဗဟုသုတနှင့် သဘောထားဆန္ဒတို့ကို တနေရာတည်း၌ စုစည်းတင်ပြထားသောကြောင့် အလွယ်တကူ ဖတ်ရှု၍ သိရှိနိုင်ကာ ရေရှည်၌ မိမိတို့၏ တစ်ဦးချင်း၊ မိသားစုနှင့် တစ်ရွာလုံးအတိုင်းအတာအရ တိုးတက်ဖွံ့ဖြိုးရေးတွင် အနှောက်အယှက်အန္တရာယ်တို့ လျော့နည်းကာ တရွာလုံးမှသည် ဒေသတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ရည်သန်ကာ မှတ်တမ်းပြုစု တင်ပြအပ်ပါသည်။

(ဤကျေးရွာလက်စွဲစာအုပ်အား ဖတ်ရှု၍ နိုင်ငံတော်မှ လည်းကောင်း၊ INGO/NGO အဖွဲ့အစည်း အသီးသီးမှလည်းကောင်း၊ မိမိရပ်ရွာမှ လည်းကောင်း ရပ်ရွာဒေသဖွံ့ဖြိုးရေးအတွက်သိရှိဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုပါသည်။)

လေးစားစွာဖြင့်

အောင်မင်းနိုင်
အပူပိုင်းဇုံဒေသစီမံကိန်းမန်နေဂျာ
အက်ရှင်အေ့ဒ်မြန်မာ
၀၉-၇၉၄၄၀၂၆၉၇၊ ၀၆၂-၆၀၄၀၂

## ကျေးရွာအုပ်ချုပ်ရေးမှူး၏ အတည်ပြုထောက်ခံချက်မှတ်တမ်း

ဤမှတ်တမ်းပါအကြောင်းအရာအချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ/သားများကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏လိုအပ်ချက်များနှင့် ဖြေရှင်းနည်းလမ်းများ ဖြစ်ပါသည်။

ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေဖြင့် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန်လိုအပ်နေမှုများကို သေသေချာချာနားလည်သဘောပေါက်လာခဲ့ရပြီး တိကျရှင်းလင်းသောအဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင်ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါအချက်အလက်များသည် ယခင်နှင့်ယခုနှိုင်းယှဉ်ပြ၍ သင်ခန်းစာယူစရာများ၊ ကြိုတင်သတိမူစရာများနှင့် ပိုမိုကောင်းမွန်သောနည်းလမ်းများကို ဖေါ်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူကျေးရွာ သားများကိုယ်တိုင် တတ်သိပညာရှင်များနှင့်လည်းကောင်း၊ မိမိတို့ဒေသတွင်းရှိ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းများနှင့်လည်းကောင်း ပိုမို၍အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည်လည်းဖြစ်ပါသည်။

အထူးမှာ...... ယခုကဲ့သို့ကျေးရွာသူကျေးရွာသားများ စုစည်းညီညာစွာတိုင်ပင်နှီးနှော၍ ဆွေးနွေးဆုံးဖြတ်ကြပါသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးကို အမှားအယွင်းနည်းစွာဖြင့် ရေတိုရေရှည်မှာပါ ပို၍ထိရောက်အောင်မြင်မှာ မလွဲပါ။

ထို့ပြင် မှတ်တမ်းတင်ဂုဏ်ပြုထိုက်သူမှာ ဤမှတ်တမ်းကို တိကျသေချာအကျိုးရှိအောင် ကြိုးစားဖော်ထုတ် လုပ်ကိုင်းပေးကြသော ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအကျိုးဆောင်လူငယ် ဦးမြင့်စိုး၊ ဦးကျော်ထက်၊ ဦးဇော်လင်းနှင့် ဦးသိန်းမြင့် ကျေးရွာသူကျေးရွာသားများ အက်ရှင်အေ့ဒ်(မြန်မာ)မှ ကွင်းဆင်းဝန်ထမ်း များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှ တက်သည့် ပညာရှင်များပင်ဖြစ်ပါ တော့သည်။

ကျေးရွာအုပ်ချုပ်ရေးမှူး

ညောင်ပင်ရွာကျေးရွာ၊ ဝွေးပင်လယ်ကျေးရွာအုပ်စု

မြိုင်မြို့နယ်

## မြေပုံများရေးဆွဲခြင်း၏ ရည်ရွယ်ချက်

### လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် လူဦးရေ၊ အိမ်ခြေ၊ မိသားစုများ၏ ထိခိုက်လွယ်သူများ နေထိုင်ရာ နေရာနှင့်တကွ မှတ်တမ်းတင်နိုင်ရန်။ (သက်ကြီးဦးဆောင်သောအိမ်၊ အမျိုးသမီးဦးဆောင်နေသောနေအိမ် မသန်စွမ်းရှိသောအိမ် စသည်ဖြင့်)
- ကျေးရွာ၏ လမ်းတံတား၊ အဆောက်အဦး၊ သောက်သုံးရေရရှိနိုင်မှုအနေအထားများ။
- ကျေးရွာ၏ စိုက်ပျိုးမြေနှင့် မြေယာပိုင်ဆိုင်မှု၊ သစ်တောနှင့်သဘာဝအရင်းအမြစ်များ ရရှိမှုနှင့် အသုံးပြုနိုင်မှု
- ကျေးရွာ၏ တည်နေရာနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဆက်စပ်လုပ်ကိုင် နေမှုများ၊ လူမှု/စီးပွားအခြေအနေ။
- ကျေးရွာ၏ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ဖွယ်ရှိသော နေရာများအား သတ်မှတ်ဖော်ထုတ်နိုင်ရန် နှင့် ကြိုတင်ကာကွယ်ခြင်းနှင့် ပြင်ဆင်ခြင်းများပြုလုပ်နိုင်ရန်။

### ရာသီခွင်ပြဇယားရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာနှင့် ပိုးမွှားရောဂါများကျရောက်မှု၊ အလုပ်အကိုင်အခွင့် အလမ်းများ ရရှိနေမှုကိုသိရှိနိုင်ရန်။
- ကျေးရွာ၏ ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်တတ်သောလများ (မိုးကြိုး၊ မိုးခေါင်၊ ရေရှား၊ မီးဘေး၊ စသည့်ဖြင့်) သိရှိနိုင်ကြရန်နှင့် ကြိုတင်ပြင်ဆင်၊ ကာကွယ်နိုင်ကြရန်။
- လူမှုရေးနှင့် ဘာသာရေးပွဲတော်များ ကျင်းပနိုင်မှုအခြေအနေကို မှတ်တမ်းတင်၍ ရိုးရာယဉ်ကျေးမှုဓလေ့ ထုံးတမ်းများ မပျောက်ပျက်စေရန် ထိန်းသိမ်းနိုင်ရေး။
- လအလိုက် ဝင်ငွေထွက်ငွေကို လုပ်ငန်းအမျိုးအစားအလိုက် တွက်ချက်သိရှိပြီး ထွက်ငွေနှင့်ဝင်ငွေ မမျှတမှု ကို နည်းလမ်းရှာ၍ ဖြေရှင်းနိုင်ရန်။

### ကျေးရွာ၏ပြဿနာသစ်ပင်ရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာ၏ အခက်အခဲပြဿနာများဖြစ်ရခြင်းအကြောင်းအရင်းများကို သတ်မှတ်ဖော်ထုတ်ပြီး အကိုင်း အခက်များသဖွယ် ဖြာထွက်လာသော အကျိုးဆက်များနှင့် အသီးအပွင့်များသဖွယ်ဖြစ်တည်လာသော နောက်ဆက်လက်ဖြစ်ပွားမည့် မျိုးစေ့နှင့် လက်ရှိပြဿနာ အသီးအပွင့်များကို သိရှိနားလည်လာပြီး ၎င်း ပြဿနာသစ်ပင်ပေါက်ပွားမှုအား မျိုးသုန်းပျောက်ကွယ်သွားအောင် အမြစ်၊ အပင်၊ အကိုင်း၊ အသီးအပွင့် နှင့် မျိုးစေ့များကို ဖယ်ရှားသုတ်သင်နိုင်လာ နိုင်စေရန်။
- ဤနည်းသည် မြန်မာစကားပုံပါ "ပေါက်ပင်ဘာကြောင့်ကိုင်းရတယ်" ဟူသောအကြောင်း အကျိုးပြုရှင်းလင်း အဖြေရှာခြင်းနှင့် ဆင်တူပါသည်။
- "သတိမမူ ဂူမမြင်"ဟူသော အဆုံးအမအတိုင်း သတိမမူမိခဲ့သော ပြဿနာအခက်အခဲများသည် သစ်ပင်သဖွယ် ရှင်သန်ကြီးထွားနေမှုအား ရပ်တန့်ရန်(သို့)သတိမူမိခဲ့သော်လည်း မဖြေရှင်းနိုင်လောက်အောင် ပြဿနာကြီးမားနေမှုကို ရှင်းလင်းစွာသိရှိကြပြီး တတ်သိပညာရှင်များနှင့် ပူးပေါင်းကာ နည်းလမ်းရှာ သုတ်သင်နိုင်လာစေရန်။

CamScanner

- ပြဿနာအခက်အခဲများသည် အရေအတွက်နှင့် ပမာဏအားဖြင့် များပြားကြီးမားသောကြောင့် တစ်ခုနှင့် တစ်ခုဆက်နွယ်ကာ ပိုမိုရှုပ်ထွေးသော ပြဿနာနာသစ်ပင်များ စုစည်းပေါ်ပေါက်နေမှုသည် ဆင်းရဲမှုကို ပိုမို ဖြစ်ပေါ်နေစေကြောင်း သိသာထင်ရှားလာစေရန်။
- "သို့သော် အနာသိက ဆေးရှိသည်"ဟူသော လောကဓမ္မတာအတိုင်း အနာကို အတိအကျ သိရှိလာနိုင်စေ ရန်နှင့် ပျောက်ကင်းအောင်ကုသရန် ဆေးညွှန်းကို တိကျစွာဖော်စပ်လာနိုင်စေရန်။

ပြဿနာဖြေရှင်းမှုစက်ကွင်းရေးဆွဲဖော်ထုတ်ရခြင်း၏ ရည်ရွယ်ချက်

- ပြဿနာသစ်ပင်များကို ရေးဆွဲဖော်ထုတ်သတ်မှတ်ပြီးနောက် တစ်ဆက်တည်းဖြေရှင်းအဖြေရာမှုကိုပါ ဆက်တိုက်လုပ်ဆောင်ခြင်းအားဖြင့် ကျေးရွာသူ/သားများ၏ အတွေးအမြင်၌ မဖြစ်နိုင်ဟူသော သံသယသည် ကင်းစင်ပပျောက်စေပြီး ပိုမိုစိတ်အားထက်သန်ကာ "လိုလျှင်ကြံဆနည်းလမ်းရ"ဟူသော ဆောင်ပုဒ်အတိုင်း အများနှင့်အတူ ဆွေးနွေးတိုင်ပင်ကာ နည်းလမ်းများကို ကြံဆနိုင်စေရန်။

ထူးခြားဖြစ်စဉ်ပြဇယားရည်ရွယ်ချက်

- ထူးခြားစွာဖြင့် မိမိရပ်ရွာသူ/သားများကို အခက်အခဲအကြပ်အတည်းတွေ့စေခဲ့သော ခုနှစ်များကို သက်ကြီးစကားသက်ငယ်ကြားဖြင့် ဖော်ထုတ်မှတ်တမ်းတင်ခြင်းဖြင့် မျိုးဆက်နှစ်ဆက်သုံးဆက် အလွန်ကာလနှင့် ယခုကာလအထိ အခက်အခဲအကြပ်အတည်းများကို သိရှိလာစေပြီး နောင်အခါတွင် ၎င်းအခက် အခဲမျိုးဖြစ်ပေါ်နိုင်ခြေကို သတိရှိသွားပြီး ကြိုတင်ပြင်ဆင်ကာကွယ်မှု လုပ်ဆောင်နိုင် စေရန်။
- အထူးအားဖြင့် လူအများစုအား အတိဒုက္ခရောက်စေခဲ့ပသော ကြီးမားသည့် သဘာဝဘေးအန္တရာယ် ထိခိုက်ခဲ့ရမှုများနှင့် လူတို့ကဖန်တီးခဲ့သော ဘေးအန္တရာယ်များကြောင့် ရပ်ရွာသူ/သားများ အခက်အခဲအကြပ်အတည်းဖြစ်ပေါ်ခဲ့ရမှုများကို သင်ခန်းစာရယူနိုင်ရန်နှင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ် ရန် အသိများရရှိစေရန်။
- အပြောင်းအလဲဖြစ်ပေါ်တိုးတက်မှုသည် "အကောင်း" "အဆိုး" ဒွန်တွဲနေနိုင်သည်ကို သင်ခန်းစာရရှိစေရန်။
- အပူပိုင်းဇုံဒေသသည် မိုးခေါင်ခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးရမှု၊ သောက်ရေနှင့် စိုက်ပျိုးရေ အခက်အခဲဖြစ်ရ ခြင်းနှင့် စားနပ်ရိက္ခာအခက်အခဲဖြစ်ရခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသောအချက်သည် သာမန်ဖြစ်ရိုးဖြစ်စဉ်ဟု အမြင်ရှိနေသော မျိုးဆက်သစ် အသက်အရွယ်ငယ်ရွယ်သူများက ထင်မှတ်နေမှုကို ယခင်ကလည်းကြုံဖူးသည်ဟူသော ထင်ရှားသောသတိပေးမှုကြောင့် ကြိုတင်ပြင်ဆင် ကာကွယ်ခြင်း နည်းလမ်းများကို ရှာဖွေ၍ ရပ်ရွာ၏မိုးခေါင်မှု၊ ရေကြီးမှု၊ သီးနှံဖျက်ပိုးဒဏ်၊ မြေဆီလွှာပျက်စီးမှု၊ လမ်းပန်းဆက်သွယ်ရေးမကောင်းမှု၊ ပညာရေးနှောင့်နှေးရမှု၊ သတင်းဆက်သွယ်ရေးအခက်အခဲ စသည့်တို့ သည် ဆင့်ကဲဖြစ်စဉ်များအဖြစ် ရပ်ရွာလူထုအား ပိုမိုဆင်းရဲမှု အခက်အခဲကို ဖြစ်ပေါ်စေနေသည့်ကို ထင်ရှားသိစေရန်။
- ၎င်းနည်းလမ်းများသည် တစ်ယောက်အားဖြင့်ယူသော်မရ အများအားဖြင့်ယူသော်ရ၏ ဟူသော လမ်းညွှန် ဆုံးမမှုအတိုင်း မိမိမသိသည်ကို သိသူက၊ မိမိမစွမ်းနိုင်သည်ကို စွမ်းနိုင်သူက၊ မိမိမလုပ်နိုင်သည်ကို လုပ်နိုင်သူကတာဝန်ယူကာ ဖြေရှင်းမည့်နည်းလမ်းများပေါ်ထွက်လာစေရန်။
- ယခုကဲ့သို့ အခက်အခဲပြဿနာများသည် ရပ်ရွာအတွက် ဆင်းရဲမှုဟူသောဝန်ထုတ်ဝန်ပိုးသည် ဆွဲအား အောက်သို့သက်ရောက်မှုကို ဖြစ်ပေါ်စေရာမှနည်းလမ်းများတည်းဟူသော မိုးပျံပူပေါင်း

များက ဆွဲမလိုက်၍ အောက်ဆွဲအားကို ဆန့်ကျင်ဖယ်ရှားလျှက် အထက်သို့ပေါ့ပါးစွာရုန်းထွက် ပျံတက်သွားနိုင်ပုံကို ဥပမာ တင်စား၍ရှင်းလင်း အဖြေရှာတင်ပြခြင်းဖြင့် နားလည်စေခြင်း။

- "ဆင်းရဲမှု" နှင့် "ဆင်းရဲမှုမှလွတ်မြောက်မှု" အားပြိုင်ဆွဲငင်ကြသောကြောင့် အားသက်ရောက်မှု စက်ကွင်းဟုခေါ်ဝေါ်သုံးနှုန်း၍ အားထုတ်ရမည်ဟူသော အသိကို ရရှိစေခြင်း။

### အနာဂတ်မျှော်မှန်းချက်ပြမြေပုံရေးဆွဲရခြင်းရည်ရွယ်ချက်

- အိမ်မက်မြေပုံသည် ကျေးရွာနှင့်ရွာသူရွာသားတို့ လူမှုစီးပွားအခြေအနေအရပ်ရပ်များကို မည်ကဲ့သို့ မြင်တွေ့လိုပါကြောင်း ရွာသူရွာသားတို့၏ဆန္ဒနှင့် သဘောထားတို့ကို ထင်ဟပ်သော အနာဂတ်မျှော်မှန်း ချက်များ၏ ပုံသဏ္ဍာန်ဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် အေးချမ်းသာယာမှုကို ရွာသူရွာသားများကိုယ်တိုင် ပုံဖော် ကြည့်မည့်အစီအစဉ်များအား အဓိကထား၍ မျှော်မှန်းကာ အနာဂတ်ကို အလှပဆုံးနှင့် အခပါယ်မရှိဆုံးဖြစ် လာရန် ပဏာမခြေလှမ်းပင်ဖြစ်ပါတော့သည်။

### ကျေးရွာ၏ လိုအပ်ချက်အကောင်အထည်ဖေါ်ဇယားရေးဆွဲရခြင်းရည်ရွယ်ချက်

- လက်တွေ့အကောင်အထည်ဖော်မည့်အစီအစဉ်သည် ကျေးရွာ၏လိုအပ်ချက်များ ဦးစားပေး လုပ်ဆောင်ရန် အစီအစဉ်နှင့် အနာဂတ်ကျေးရွာအိမ်မက်များကို အမှန်တကယ်ရရှိလာနိုင်ရန် အတွက် တိကျသေချာသော တာဝန်ခွဲဝေယူမှုနှင့် မည်သို့လုပ်ဆောင်မည်၊ မည်သူက လုပ်ဆောင်မည်နှင့် မည်သည့်အချိန်တွင် လုပ်ဆောင်ကြမည်များကို ကျေးရွာသူ/သားများကို ကိုယ်တိုင်တာဝန်ခွဲဝေသတ်မှတ်ကြခြင်းဖြစ်ပါသည်။

### အမျိုးသမီးဆိုင်ရာသုံးသပ်ချက် ရေးဆွဲရခြင်းရည်ရွယ်ချက်

- အမျိုးသမီးသက်ငယ်/သက်ကြီး(ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေတို့ကို မှတ်တမ်းပြုစုနိုင်ပြီး အခက်အခဲများအား ကျော်လွှားလာနိုင်ကာ မိသားစုနှင့် ရပ်ရွာကိုဦးဆောင်နိုင်မှု အခွင့်အလမ်းနှင့် စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာစေရန်။
- "ပုခက်လွှဲသောလက်သည် ကမ္ဘာကို ကိုင်လှုပ်နိုင်သော ခွန်အားနှင့် စွမ်းရည်အပြည့်အဝ ရှိသည်"ဆိုသည့် ဆိုရိုးစကားအား ပိုမိုကျယ်ပြန့်စွာအသိအမှတ်ပြုလာနိုင်စေရန်။
- ကျား၊ မ တန်းတူညီမျှမှုရှိရေး ရပ်ရွာမှသိမြင်လက်ခံလာပြီး ခွဲခြားဆက်ဆံမှုပပျောက်နိုင်ရန်၊ ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့သည် ညီ၊ အစ်ကို၊ အဖေ၊ အဖိုး၊ ဦးရီးတို့နှင့်အတူတူပင် စွမ်းဆောင်ရည်များ ပြည့်ဝ ကြောင်း ထင်ရှားသိလာကြစေရန်။

CamScanner

ကျေးရွာအခြေခံ သတင်းအချက်အလက် အနှစ်ချုပ်

- ကျေးရွာအမည် - ညောင်ပင်ရွာကျေးရွာ
- ကျေးရွာအုပ်စု - ဝွေးပင်လယ်ကျေးရွာအုပ်စု
- မြို့နယ် - မြိုင်မြို့နယ်
- တိုင်းဒေသကြီး - မကွေးတိုင်း
- မိသားစု စုစုပေါင်း - ၂၀၄
- အိမ်ထောင်စု စုစုပေါင်း - ၂၀၄

အသက်အပိုင်းအခြားအလိုက်ဦးရေ

| လူဦးရေ | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| လူဦးရေစုစုပေါင်း | ၄၃၄ | ၄၉၂ | ၉၂၆ |
| ၀ မှ ၅ နှစ်အောက် | ၃၃ | ၃၁ | ၆၄ |
| ၅ မှ ၁၃ နှစ်အောက် | ၇၄ | ၉၀ | ၁၆၄ |
| ၁၃ မှ ၁၈ နှစ်အောက် | ၄၂ | ၃၆ | ၇၈ |
| ၁၈ မှ ၃၅ နှစ်အောက် | ၁၂၅ | ၁၂၅ | ၂၅၀ |
| ၃၅ မှ ၆၀ နှစ်အောက် | ၁၂၁ | ၁၄၃ | ၂၆၄ |
| ၆၀နှစ် နှင့် အထက် | ၃၉ | ၆၇ | ၁၀၆ |

| မိသားစုအမျိုးအစား | တောင်သူ | ကျပန်း | ထမ်း | ပေါင်း |
|---|---|---|---|---|
| သက်ကြီးဦးဆောင်သောမိသားစု စုစုပေါင်း | | | | |
| အမျိုးသမီးဦးဆောင်မိသားစု စုစုပေါင်း | | | | |
| မသန်စွမ်းဦးဆောင်မိသားစု | | | | |

အဓိကအသက်မွေးဝမ်းကြောင်းနှင့်ပါတ်သက်သော ပိုင်ဆိုင်မှုများ

- ဆိုင်ကယ် - ၁၉၅ စီး
- ဖုန်း - ၂၀၀ လုံး
- နွားလှည်း - ၉ စီး
- နွားလှည်း(ရေစည်) - ၂ စီး
- တီဗွီ/ဗီဒီယို - ၁၀၀ လုံး
- စက်ဘီး - ၃၀ စီး
- ဂြိုလ်တု စလောင်း - ၁၀၀ လုံး
- နွားစာစဉ်းစက် - လုံး
- ဆီကြိတ်စက် - လုံး
- အပ်ချုပ်စက် - ၆ လုံး
- ချွေလှေ့စက် -
- ရိတ်သိမ်းစက် -

- လယ်ထွန်စက် - ၈ စီး
- လက်တွန်းထွန်စက် - ၂ စီး
- သုံးဘီး - ၁ စီး
- ထော်လာဂျီ - ၃ စီး
- ကား - ၁၂ စီး
- ရေနံတူးစက် -

မွေးမြူရေးဆိုင်ရာ ပိုင်ဆိုင်မှုများ

- နွား(ခိုင်း) - ၁၈ ကောင်
- နွား(မွေး) - ၂၀ ကောင်
- ဝက် - ၃၀ ကောင်
- ကြက်ခြံ -
- ဆိတ် - ၁၀၀၀ ကောင်

ရွှေ့ပြောင်းလုပ်သားဦးရေ

- ပြည်တွင်း - ၅၀ ဦး
- ပြည်ပ - ၈ ဦး

စိုက်ပျိုးမြေပိုင်ဆိုင်မှု(ဧက)

- လယ်မြေ - ၂၀ ဧက
- ယာမြေ - ၅၀ ဧက
- ဥယျာဉ်ခြံ - ၈ ဦး
- ပလပ်မြေ/ကျစ်မြေ - ဧက
- သနပ်ခါးစိုက်ပျိုးမြေ - ၁၅ ဦး
- စကျစ်မြေ - ဧက
- သစ်တောမြေ - ဧက

သောက်သုံးရေရရှိမှု

- အဝီစိစက်ရေတွင်း - ၁ တွင်း
- ရေလှောင်ကန် - ၃ ကန်
- ဝှေကျယ်ရေတွင်း -
- မြေသားရေကန် -
- မြစ် -
- ချောင်း -
- ဆည် -
- လက်နှိပ်တုံကင် -
- ရေပိုက်လိုင်းသွယ် -

အလုပ်အကိုင် ပိုင်ဆိုင်မှုနှင့် ထိခိုက်လွယ်မှုဆိုင်ရာ အချက်အလက်များဇယား

| စဉ် | အသက်မွေးဝမ်းကျောင်းလုပ်ငန်းအမည် | ဦးရေ |
|---|---|---|
| ၁ | နေ့စားလုပ်သား | ၁၀၀ |
| ၂ | ထန်းတောပိုင်သူ | |
| | • ထန်းပင်(၂၀)အောက်ပိုင်သူ | ၄ |
| | • ထန်းပင်(၂၀ မှ ၅၀ကြား)ပိုင်သူ | ၃ |
| | • ထန်းပင်(၅၀ မှ ၁၀၀ကြား)ပိုင်သူ | ၁ |
| | • ထန်းပင်(၁၀၀)အထက်ပိုင်သူ | ၁ |
| ၃ | ထန်းလုပ်သား | ၂ |
| ၄ | ဈေးရောင်း | |
| | • အကြော်/မုန့်ဖျက် | ၂ |
| | • ဟင်းသီးဟင်းရွက် | ၁၅၀ |
| | • ကုန်စုံဆိုင် (အကြီး) | ၂ |
| | • ကုန်စုံဆိုင် (အသေး) | ၂ |
| ၅ | လယ်ယာပိုင်သူ | |
| | • လယ်/ယာ (၁)ဧက အောက်ပိုင်သူ | ၂၀ |
| | • လယ်/ယာ(၂)ဧက အောက်ပိုင်သူ | ၂၀ |
| | • လယ်/ယာ(၃)ဧက အောက်ပိုင်သူ | ၁၀ |
| | • လယ်/ယာ(၄)ဧက အောက်ပိုင်သူ | ၇ |
| | • လယ်/ယာ(၅ မှ ၉)ဧက ကြားပိုင်သူ | ၄ |
| | • လယ်/ယာ (၁၀)ဧကနှင့် အထက်ပိုင်သူ | ၅ |

၇

ပညာရေးအခြေအနေ

ကျောင်းအမျိုးအစား/ဝန်ထမ်း

- ကျောင်းဆရာ/ဆရာမ ဦးရေ - ၈ ယောက်
- မူကြို -
- မူလတန်း - ၉၃-ယောက်
- မူလွန် - ၆၇-ယောက်
- အလယ်တန်း - ၁၅-ယောက်
- အထက်တန်း - ၁၀-ယောက်

ပညာတတ်မြောက်မှု

- ဘွဲ့ရ -၂၀ ဦး
- အထက်တန်းအောင် -၃၀ ဦး
- အထက်တန်း -၄၀ ဦး
- အလယ်တန်း -၂၅ ဦး
- မူလတန်း -၁၀ ဦး
- ဘက -၆၀ ဦး
- ပညာမတတ် -၁၀ ဦး
- အသုံးလုံး -၅ ဦး

ကျန်းမာရေး

- ဆေးခန်း -
- အရံသားဖွား -
- ဆေးဆရာ -၃ ဦး
- သူနာပြု -
- တိုင်းရင်းဆေး -
- အရပ်လက်သည် -
- ဗိန်းဓော -

ကျန်းမာရေး ဆိုင်ရာအခြေအနေ

- အိမ်သာအသုံးပြုသော မိသားစု -၁၆၀ လုံး
- အဖြစ်များသောရောဂါများ -

မသန်စွမ်း

- မသန်စွမ်း -၄ ဦး
- ခြေတစ်ဘက် -
- ခြေနှစ်ဘက် -
- လက်တစ်ဘက် -
- လက်နှစ်ဘက် -
- ဆွံ့အ -
- နားမကြား -၄ ဦး
- မျက်မမြင် -၅ ဦး
- ကျွပ်မပြည့် -၅ ဦး

အလုပ်အကိုင် ရှိနိုင်ရာများ

- တောင်သူ - ၂၀ ဦး
- ထန်းတက်သူ - ၂ ဦး
- စက်ပြင်သူ - ၁ ဦး
- ပန်းလက်သမား - ၂၀ ဦး
- လက်မှုပညာလုပ်ကိုင်သူ -
- ထန်းသာချင်းသူ - ၄ ဦး
- ကျောက်ထုသူ -
- မုန့်လုပ်သူ -
- အကြော်ကြော်ရောင်းသူ - ၂ ဦး
- ယက္ကန်းယက်သူ -
- ပန်းဘဲ ပြုလုပ်သူ -
- ရေနံဆော်သူ -

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ညောင်ပင်ရွာကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ



ပြောင်ပင်ရွာကျေးရွာအုပ် ရှိမှုများ နှင့် အရေး အမြင်ပြမြေပုံ


အညွှန်း

 = ကတ်တာ / လမ်းမကြီး

 = အဆွေမီတုဝတောက် / ရွှံ့ကား / လမ်းကြီး

 = မြေကား / လမ်းကြီး / ဝါးထရံကာ

 = ဝါးကပ် / ထင်းချပ်ကာ

 = အလံတိုင်

 = ဘုန်းကြီးကျောင်း

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ရွှေပင်လယ်အုပ်စု၊ ညောင်ပင်ရွာကျေးရွာ၏ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံအစီရင်ခံစာ

ညောင်ပင်ရွာကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်အတွင်းမှ ကျေးရွာတစ်ရွာဖြစ်ပါသည်။ အိမ်ခြေပေါင်းမှာ (၂၀၄)အိမ်ရှိပြီး လူဦးရေစုစုပေါင်းမှာ (၉၂၆)ဦးရှိပါသည်။ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး စိုက်ပျိုးသီးနှံများမှာ နှမ်း၊ မြေပဲ၊ ပဲစဉ်းငုံ၊ ကုလားပဲ၊ စပါးတို့ကို အဓိကစိုက်ပျိုးကြပါသည်။

### ပညာရေး

ညောင်ပင်ရွာကျေးရွာတွင် ပညာရေးအထောက်အဦးများအနေဖြင့် မူလတန်းကျောင်းဆောင်ရှိပြီး အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ရရှိသော်လည်း ကျောင်းဆောင်မရှိသေးပါ။ အထက်တန်းပညာသင်ယူရန်အတွက် ရွာ၏အနောက်တောင်ဘက်(၂)မိုင်ခန့်ဝေးသော မြိုင်မြို့သို့ သွား၍ တက်ရောက်ပညာသင်ရပါသည်။ တက္ကသိုလ်ရောက်လျှင် ပခုက္ကူမြို့သို့ သွား၍တက်ရောက်ပညာသင်ကြားရပါသည်။

### ကျန်းမာရေး

ညောင်ပင်ရွာကျေးရွာရှိ ရွာသူရွာသားများသည် ကျန်းမာရေးနှင့် ပတ်သက်လာလျှင် အုပ်စုဆေးခန်းသို့ သွားပြကြပါသည်။ အရေးပေါ်ကျန်းမာရေး အခြေအနေဖြစ်လာပါက မြိုင်မြို့ဆေးရုံနှင့် ပခုက္ကူဆေးရုံများသို့ သွားရောက်ကုသရပါသည်။

### ဘာသာရေး

ညောင်ပင်ရွာကျေးရွာရှိ ရွာသူရွာသားများအားလုံးသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပါသည်။ ဘာသာရေးအထောက်အဦးများအနေနှင့် ဘုန်းတော်ကြီးကျောင်း(၁)ကျောင်းရှိပြီး ဘုရားစေတီပုထိုးများကိုလည်း တည်ထားကိုးကွယ်ကြပါသည်။ နှစ်စဉ်ဘုရားပွဲတော်ကို နတ်တော်လတွင် ကျင်းပကြပါသည်။

### လမ်းပန်းဆက်သွယ်ရေး

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် မိုးတွင်းကာလများတွင် လမ်းများဆိုးသောကြောင့် သွားလာရခက်ခဲပါသည်။ ကျန်သောအချိန်များတွင် ကောင်းမွန်ပါသည်။

အရင်းအမြစ်အနေဖြင့် ညောင်ပင်ရွာကျေးရွာတွင် သောက်သုံးရေရှိသော်လည်း အိမ်အရောက်မသွယ်မသေးပါ။ အရိပ်ရနှစ်ရှည်ပင်များလည်း ရှိပါသည်။

ညောင်ပင်ရွာကျေးရွာ၏ လူဦးရေစုစုပေါင်းမှ (၉၂၆)ဦး၊ ကျား(၄၃၄)၊ မ(၄၉၂)ဖြစ်ပါသည်။ အိမ်ခြေစုစုပေါင်း (၂၀၄)အိမ် ရှိပြီး မိသားစုဦးရေ( ၂၀၄ )ဦး ရှိပါသည်။

CS CamScanner

အစည်းအဝေးမှတ်တမ်း

နေရာ။ ။မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ရွေးပင်လယ်အုပ်စု၊ ညောင်ပင်ရွာ ကျေးရွာ

အစည်းအဝေးပြုလုပ်ခြင်း၏ ရည်ရွယ်ချက်။ ။လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ အစည်းအဝေးမှတ်တမ်း

| | | | |
|---|---|---|---|
| နေ့စွဲ၊ | ( ၈-၆-၂၀၁၈) | အစည်းအဝေးစတင်ချိန် | နေ့လည်(၁)နာရီ |
| အစည်းဝေးကျင်းပသည့်နေရာ-အုပ်ချုပ်ရေးမှူးအိမ် | | အစည်းအဝေးပြီးဆုံးချိန် | ညနေ(၃း၃၀)နာရီ |
| ပံ့ပိုးသူ၏အမည် - | | အစည်းအဝေးကြာချိန် | (၂း၀၀)နာရီ |

**ဆွေးနွေးသည့်အကြောင်းအရာများ** - ညောင်ပင်ရွာကျေးရွာ၏ လူထုအစည်းအဝေးကို (၈.၆.၂၀၁၈) နေ့လည်တွင် (၁)နာရီမှ အုပ်ချုပ်ရေးမှူးအိမ်မှာ ပြုလုပ်ကျင်းပပါသည်။ အစည်းအဝေးခေါ်ရသည့် အကြောင်းအရင်းများကိုလည်း မမော်ရီသင်းမှ ရှင်းလင်းပြပါသည်။ ထို့နောက် ကျေးရွာလူထုနှင့် အတူ အရင်းအမြစ်ပြမြေပုံကို ရေးဆွဲကြပါသည်။ အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းမှ ကျေးရွာအတွင်းရှိ ရေတွင်း၊ ဈေးဆိုင်၊ ဆိုင်ကယ်၊ ဖုန်းအရေအတွက် ဘယ်လောက်ရှိတယ်ဆိုတာကို ပြောပြပါသည်။

ဦးသန်းထွန်းမှ ကျေးရွာထဲတွင် စာသင်ကျောင်းရှိကြောင်းကိုလဲ ပြောပြပါသည်။ ဘယ်လမ်းမှာတော့ ဘယ်သူ့အိမ်ရှိကြောင်းပြောဆိုပြီး ပျော်ပျော်ပါးပါး ရေးဆွဲခဲ့ပါသည်။ အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ/သားများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး အစည်းအဝေးကို သိမ်းခဲ့ပါသည်။

မှတ်တမ်းရေးသူအမည် ခေါင်းဆောင်အမည်

CamScanner

အမည်အစဉ်တက်ရောက်သူစာရင်း

| စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် |
|---|---|---|---|---|---|
| ၁ | ဦးမြဲကောင်း | | ၂ | ဦးညီ | |
| ၃ | ဦးသိန်းဖိုး | | ၄ | ဦးဇော်မြင့် | |
| ၅ | ဦးကျော်တင့် | | ၆ | ဦးစံရွှေ | |
| ၇ | ဦးသန်းနိုင် | | ၈ | ဦးတင်မြ | |
| ၉ | ဦးသိန်းဇော် | | ၁၀ | ဦးထွန်းဖိုး | |
| ၁၁ | ဦးလှနိုင်ဦး | | ၁၂ | ဦးမောင်ဆန်း | |
| ၁၃ | ဦးဗိုလ်တင့် | | ၁၄ | ဦးချစ်သိန်း | |
| ၁၅ | ဦးဖိုးထောင် | | ၁၆ | ဦးဇော်မင်းနိုင် | |
| ၁၇ | ဦးသန်းဇော် | | ၁၈ | ဦးမြင့်ဖိုး | |
| ၁၉ | ဦးကျော်နိုင် | | ၂၀ | ဦးသိန်းထွန်း | |
| ၂၁ | ဦးဝင်းနိုင် | | ၂၂ | ဦးသန်းထွန်း | |
| ၂၃ | ဦးဝင်းကို | | ၂၄ | ဦးထိန်ဝင်း | |
| ၂၅ | ဦးသန်းကျော် | | ၂၆ | ဦးရဲထွန်း | |
| ၂၇ | ဦးကျော်ထက် | | ၂၈ | ဦးဇော်လင်း | |
| ၂၉ | ဦးတင်ဆွေ | | | | |


အစည်းအဝေးတက်ရောက်သူစာရင်း

| စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် |
|---|---|---|---|---|---|
| ၁ | ဒေါ်စန်းမြင့် | | ၂ | ဒေါ်ဂျမ်း | |
| ၃ | ဒေါ်အေးကြိုင် | | ၄ | ဒေါ်သန်းရှင် | |
| ၅ | ဒေါ်မာအေး | | ၆ | ဒေါ်မြရွှေ | |
| ၇ | ဒေါ်ကြည်ဝင်း | | ၈ | ဒေါ်သန်းဆွေ | |
| ၉ | ဒေါ်မာရှူ | | ၁၀ | ဒေါ်ခင်မာ | |
| ၁၁ | ဒေါ်ချစ်ပို | | ၁၂ | ဒေါ်အမာခိုင် | |
| ၁၃ | ဒေါ်ပောမာတင် | | ၁၄ | ဒေါ်တင်ရှို | |
| ၁၅ | ဒေါ်ညွန့်နိုင် | | ၁၆ | ဒေါ်စန္ဒာထွန်း | |
| ၁၇ | ဒေါ်တင်နိုင် | | ၁၈ | ဒေါ်မြင့်စန်း | |
| ၁၉ | ဒေါ်သီတာအေး | | ၂၀ | ဒေါ်ဆွေဝင်း | |
| ၂၁ | ဒေါ်တင်စိန် | | ၂၂ | ဒေါ်ကြည်တင် | |
| ၂၃ | ဒေါ်ဥာဏ် | | ၂၄ | ဒေါ်အိအိငွေ | |
| ၂၅ | ဒေါ်ငွေငွေနွယ် | | ၂၆ | ဒေါ်ဝင်းနု | |
| ၂၇ | ဒေါ်အေးသင်း | | ၂၈ | ဒေါ်စောရီ | |
| ၂၉ | ဒေါ်ခင်လှ | | ၃၀ | ဒေါ်ကြည်နိုင် | |
| ၃၁ | ဒေါ်နွယ်နွယ်ဝင်း | | ၃၂ | ဒေါ်အေးသန်းဆင့် | |
| ၃၃ | ဒေါ်ဖြူတုတ် | | ၃၄ | ဒေါ်နိုင်မာဝင်း | |
| ၃၅ | ဒေါ်စမ်းအေး | | ၃၆ | ဒေါ်သန်းဝင်း | |
| ၃၇ | ဒေါ်အေးငွေ | | ၃၈ | ဒေါ်မိချော | |
| ၃၉ | ဒေါ်မြတင် | | ၄၀ | ဒေါ်စန်းလွင် | |
| ၄၁ | ဒေါ်ညိုထွေး | | ၄၂ | ဒေါ်အေးမိစံ | |
| ၄၃ | ဒေါ်စံ | | ၄၄ | ဒေါ်ခင်ဝင်းကြည် | |
| ၄၅ | ဒေါ်ဖွားငွေ | | ၄၆ | ဒေါ်မိစန်း | |

CamScanner

**မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ငွေးပင်လယ်အုပ်စု၊ ညောင်ပင်ရွာကျေးရွာ ရာသီခွင်ပြဇယား**

မကွေးတိုင်း ၊ မြိုင်မြို့နယ် ၊ ငွေးပင်လယ်အုပ်စု ညောင်ပင်ကျေးရွာ၏ ရာသီခွင်ပြဇယား



| ရာသီကိုက် | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရေ့.တား ဝင်ငွေ | ၁၅၀၀၀၀ | ၃၀၀၀၀၀ | ၅၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ | ၁၂၀၀၀၀ | ၁၀၀၀၀၀ | ၁၄၀၀၀၀ | ၁၅၀၀၀၀ | ၁၀၀၀၀၀ | ၁၅၀၀၀၀ | ၃၀၀၀၀၀ |
| ထွက်ငွေ | ၈၀၀၀၀ | ၇၀၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၅၀၀၀၀ | ၆၀၀၀၀ | ၄၀၀၀၀ | ၅၀၀၀၀ | ၆၀၀၀၀ | ၄၀၀၀၀ | ၅၀၀၀၀ | ၄၀၀၀၀ |
| ဈေးရောင်း ဝင်ငွေ | ၁၇၅၀၀၀ | ၁၇၅၀၀၀ | ၁၇၅၀၀၀ | ၁၈၀၀၀၀ | ၁၀၀၀၀၀၀ | ၃၀၀၀၀၀ | ၁၂၀၀၀၀၀ | ၂၀၀၀၀၀ | ၂၀၀၀၀၀ | ၂၁၅၀၀၀ | ၁၄၅၀၀၀ | ၁၇၅၀၀၀ |
| ထွက်ငွေ | ၁၅၀၀၀၀ | ၁၂၀၀၀၀ | ၁၃၅၀၀၀ | ၁၀၀၀၀၀ | ၈၀၀၀၀ | ၈၀၀၀၀၀ | ၈၀၀၀၀၀ | ၃၇၀၀၀၀ | ၂၀၀၀၀၀ | ၃၇၀၀၀၀ | ၁၅၀၀၀၀ | ၁၂၀၀၀၀ |
| ကောက်ယူ ဝင်ငွေ | | | | | ၂၅၀၀၀၀ | | | ၄၈၀၀၀၀ | | | ၅၀၀၀၀၀ | |
| ထွက်ငွေ | | ၃၅၀၀၀၀ | ၄၅၀၀၀၀ | | | | ၁၆၀၀၀၀ | | | | | |

ရက်စွဲ၊ ၂၆-၁၂-၂၀၁၆

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ငွေးပင်လယ်အုပ်စု၊ ညောင်ပင်ရွာကျေးရွာ၏ ရာသီခွင်ပြဇယားအစီရင်ခံစာ

### စိုက်ပျိုးရေး

ညောင်ပင်ရွာကျေးရွာသည် အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး မြေပဲ၊ နှမ်း၊ ပဲစဥ်းငုံ၊ ကုလားပဲ၊ စပါးစိုက်ပျိုးကြပါသည်။ တန်ခူးလတွင် ယာမြေများကို ထွန်ရေးချသည်။ ကဆုန်၊ နယုန်လများတွင် မြေပဲ၊ နှမ်း၊ ပဲစဥ်းငုံ၊ စပါး စိုက်ပျိုးကြပါသည်။ စိုက်ပျိုးထားသော အပင်များသည် ဝါဆို၊ ဝါခေါင်တွင်အသီးအပွင့်များ ဖြစ်ထွန်းလျှက်ရှိသည်။ တော်သလင်း၊ သီးတင်းကျွတ်လများတွင် နှမ်း၊ မြေပဲသိမ်းပြီး ကုလားပဲစိုက်ပါသည်။ ပြာသိုလ်၊ တပို့တွဲလများတွင် ပဲစဥ်းငုံ၊ စပါး၊ ကုလားပဲရိတ်သိမ်းပါသည်။ ညောင်ပင်ရွာကျေးရွာ၏ စုစုပေါင်းစိုက်ပျိုးမြေဧကမှာ (        )ဧကစိုက်ပျိုးကြပါသည်။

### စိုက်ပျိုးရေးရောဂါ

မြေပဲ၊ နှမ်း၊ ပဲစဥ်းငုံများတွင် အမြစ်ပိုး၊ ရွက်လိပ်ပိုးနှင့် အခြားပိုးများကြရောက်ပါသည်။ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် မြေဆီမြေဩဇာများလျော့နည်းခြင်းတို့ကြောင့် ဓာတ်မြေဩဇာများ သုံးစွဲခြင်း ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အားဆေး(အပင်၊ အပွင့်၊ အသီး)များ သုံးစွဲရခြင်းကြောင့် စိုက်ပျိုးရေးကုန်ကျစရိတ်များလာပါသည်။

### မွေးမြူရေးရောဂါ

တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆို၊ တပို့တွဲ၊ တပေါင်းလများတွင် နွားနှင့် ဆိတ်များတွင် ရောဂါများကြရောက်ပါသည်။ နွားများတွင် ခွာနာ၊ လျှာနာ၊ ပေါင်ပုတ်၊ လက်ပုတ်၊ သရက်ရွက်ကြီးရောဂါဖြစ်၍ သေဆုံးမှုများရှိပါသည်၊ ဆိတ်များတွင်လည်း ဝဲစွဲခြင်း၊ ဆိတ်နာဝင်ခြင်း၊ သရက်ရွက်ကြီးရောဂါများဖြစ်သော်လည်း မွေးမြူရေးဆရာများက ကာကွယ်ဆေးများလာရောက်ထိုး၍ ကုသပေးသဖြင့် သေဆုံးမှုလျော့နည်းလာသည်။

### ပွဲတော်

တန်ခူးလတွင် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲကို ဆင်နွှဲကြပါသည်။ ကဆုန်လတွင် ညောင်ရေသွန်းပွဲများကျင်းပပါသည်။ သီးတင်ကျွတ်လတွင် မီးထွန်းပွဲတော်ကျင်းပပါသည်။ နတ်တော်လတွင် ရွာဦးကျောင်းဘုရားပွဲရှိပါသည်။ တပို့တွဲလတွင် ထမင်းနဲပွဲပြုလုပ်ကျင်းပကြပါသည်။

### နေ့စားဝင်ငွေ/ထွက်ငွေ

ညောင်ပင်ရွာကျေးရွာရှိ နေ့စားလုပ်ကိုင်သူများသည် တစ်ရက်လျှင်လုပ်အားခ အမျိုးသမီး(၃၀၀၀)၊ အမျိုးသား(၅၀၀၀)ရရှိပါသည်။ နေ့စားလုပ်ကိုင်သူများ၏ (၁)နှစ်စာ ဝင်ငွေ/ထွက်ငွေခန့်မှန်းခြေ(၁၃၅၀၀၀၀ - ၇၃၀၀၀ = ၆၂၀၀၀၀)ဖြစ်ပါသည်။

### ဈေးရောင်းဈေးဝယ် ဝင်ငွေ/ထွက်ငွေ

ညောင်ပင်ရွာကျေးရွာရှိ ဈေးရောင်းဈေးဝယ်လုပ်ကိုင်သူများသည် ဟင်းသီးဟင်းရွက်များ၊ သနပ်ခါးများကို ဆိုင်ကယ်ဖြင့်တစ်ခြားကျေးရွာများသို့ သွားရောက်ရောင်းချကြပါသည်။ ဝင်ငွေ/ထွက်ငွေခန့်မှန်းခြေ (၁၉၄၀၀၀၀-၁၅၇၅၀၀၀ = ၃၆၅၀၀၀)ဖြစ်ပါသည်။

CamScanner

တောင်သူဝင်ငွေ/ထွက်ငွေ

ညောင်ပင်ရွာကျေးရွာ၏ တောင်သူလယ်သမားများ၏ ဝင်ငွေ၊ ထွက်ငွေ၏ ခန့်မှန်းခြေမှာ (၁၂၀၀၀၀၀ -၉၅၀၀၀၀ - ၂၅၀၀၀၀)ဖြစ်ပါသည်။ ညောင်ပင်ရွာကျေးရွာရှိ ရွာသူရွာသားများသည် ငွေကြေးများကို ဘာသာရေးကိစ္စများတွင် အသုံးပြုကြပါသည်။

အစည်းအဝေးမှတ်တမ်း

နေရာ။ ။မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ညောင်ပင်ရွာ ကျေးရွာ

အစည်းအဝေးပြုလုပ်ခြင်း၏ ရည်ရွယ်ချက်။ ။ရာသီစွင်ပြဇယား အစည်းအဝေးမှတ်တမ်း

နေ့စွဲ၊ ( ၇-၆-၂၀၁၈) အစည်းအဝေးစတင်ချိန် နေ့လည်(၁)နာရီ

အစည်းဝေးကျင်းပသည့်နေရာ-အုပ်ချုပ်ရေးမှူးအိမ် အစည်းအဝေးပြီးဆုံးချိန် ညနေ(၃း၃၀)နာရီ

ပံ့ပိုးသူ၏အမည် - အစည်းအဝေးကြာချိန် (၂း၀၀)နာရီ

ဆွေးနွေးသည့်အကြောင်းအရာများ - ညောင်ပင်ရွာကျေးရွာ၏ လူထုအစည်းအဝေးကို (၇.၆.၂၀၁၈) နေ့လည်တွင် (၁)နာရီမှ အုပ်ချုပ်ရေးမှူးအိမ်မှာ ပြုလုပ်ကျင်းပပါသည်။ ဦးသိန်းစိုးမှ တန်ခူးလတွင် ယာများကို ထွန်ရေးပြင်ကြကြောင်းပြောပြပါသည်။ ကဆုန်၊ နယုန်လများတွင် စတင်ပြီး မြေပဲ၊ နမ်းစိုက်ပျိုးကြောင်းကို ဦးသန်းဇော်မှ ပြောပါသည်။ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း လများတါင် သီးနှံများ သိမ်းကြောင်းကို ဒေါ်စန်းမြင့်မှ ပြောပါသည်။ သီးနှံများတွင် ရောဂါများ ကျရောက်ကြောင်းကို ဦးဗိုလ်တင့်မှ ပြောပြပါသည်။ မွေးမြူရေးများတွင် နွားများ၊ ဆိတ်များဖြစ်တတ်သော ရောဂါများအကြောင်းကို ဦးထိန်ဝင်းမှပြောပြပါသည်။ ကျေးရွာ၏ ရေရရှိမှုအခြေအနေကိုလဲ မစန္ဒာထွန်းမှ ပြောပြပြီး ယခုရွာထဲအိမ်ရောက် ဘဲလ်တတ်တပ်ဆင်ခြင်းအကြောင်းကိုလဲ ပြောပြပါသည်။ ပွဲတော်များ အကြောင်းကိုလဲ ဦးကြည်ဝင်းမှ ပြောပြပါသည်။ ညောင်ပင်ရွာကျေးရွာရှိ ရွာသူ/ရွာသားများ ဝင်ငွေ/ ထွက်ငွေမေးသောအခါတွင် တစ်ယောက်နဲ့တစ်ယောက်ငြင်းခုန်၍ ပြောဆိုကြပါသည်။ ထို့ကြောင့် ခန့်မှန်းခြေပဲ ထည့်ထားပါသည်။

မှတ်တမ်းရေးသူအမည် ခေါင်းဆောင်အမည်

CS CamScanner

အစည်းအဝေးတက်ရောက်သူစာရင်း

| စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် |
|---|---|---|---|---|---|
| ၁ | ဦးမြကောင်း | | ၂ | ဦးညို | |
| ၃ | ဦးသိန်းစိုး | | ၄ | ဦးဇော်မြင့် | |
| ၅ | ဦးကျော်တင့် | | ၆ | ဦးစံထွေး | |
| ၇ | ဦးသန်းနိုင် | | ၈ | ဦးတင်မြေ့ | |
| ၉ | ဦးသိန်းဇော် | | ၁၀ | ဦးထွန်းစိုး | |
| ၁၁ | ဦးလှနိုင်ဦး | | ၁၂ | ဦးမောင်ဆန်း | |
| ၁၃ | ဦးဗိုလ်တင့် | | ၁၄ | ဦးချစ်သိန်း | |
| ၁၅ | ဦးဖိုးထောင် | | ၁၆ | ဦးဇော်မင်းနိုင် | |
| ၁၇ | ဦးသန်းဇော် | | ၁၈ | ဦးမြင့်စိုး | |
| ၁၉ | ဦးကျော်နိုင် | | ၂၀ | ဦးသိန်းထွန်း | |
| ၂၁ | ဦးဝင်းနိုင် | | ၂၂ | ဦးသန်းထွန်း | |
| ၂၃ | ဦးဝင်းကို | | ၂၄ | ဦးထိန်ဝင်း | |
| ၂၅ | ဦးသန်းကျော် | | ၂၆ | ဦးရဲထွန်း | |
| ၂၇ | ဦးကျော်ထက် | | ၂၈ | ဦးဇော်လင်း | |
| ၂၉ | ဦးတင်ဆွေ | | | | |

CamScanner


အစည်းအဝေးတက်ရောက်သူစာရင်း

| စဉ် | အမည် | လက်မှတ် | စဉ် | အမည် | လက်မှတ် |
|---|---|---|---|---|---|
| ၁ | ဒေါ်စန်းမြင့် | | ၂ | ဒေါ်ဂျမ်း | |
| ၃ | ဒေါ်အေးကျိုင် | | ၄ | ဒေါ်သန်းရှင် | |
| ၅ | ဒေါ်မာအေး | | ၆ | ဒေါ်မြရွှေ | |
| ၇ | ဒေါ်ကြည်ဝင်း | | ၈ | ဒေါ်သန်းဆွေ | |
| ၉ | ဒေါ်မာချို | | ၁၀ | ဒေါ်ခင်မာ | |
| ၁၁ | ဒေါ်ချစ်ပို | | ၁၂ | ဒေါ်အမာခိုင် | |
| ၁၃ | ဒေါ်ဟေမာတင် | | ၁၄ | ဒေါ်တင်ရှိ | |
| ၁၅ | ဒေါ်ညွန့်နိုင် | | ၁၆ | ဒေါ်စန္ဒာထွန်း | |
| ၁၇ | ဒေါ်တင်နိုင် | | ၁၈ | ဒေါ်မြင့်စန်း | |
| ၁၉ | ဒေါ်သီတာအေး | | ၂၀ | ဒေါ်ဆွေဝင်း | |
| ၂၁ | ဒေါ်တင်စိန် | | ၂၂ | ဒေါ်ကြည်တင် | |
| ၂၃ | ဒေါ်ဥာဏ် | | ၂၄ | ဒေါ်အိအိငြေး | |
| ၂၅ | ဒေါ်ငြေးငြေးနွယ် | | ၂၆ | ဒေါ်ဝင်းနု | |
| ၂၇ | ဒေါ်အေးသင်း | | ၂၈ | ဒေါ်စောရီ | |
| ၂၉ | ဒေါ်ခင်လှ | | ၃၀ | ဒေါ်ကြည်နိုင် | |
| ၃၁ | ဒေါ်နွယ်နွယ်ဝင်း | | ၃၂ | ဒေါ်အေးသန်းဆင့် | |
| ၃၃ | ဒေါ်ဖြူတုတ် | | ၃၄ | ဒေါ်နိုင်မာဝင်း | |
| ၃၅ | ဒေါ်စမ်းအေး | | ၃၆ | ဒေါ်သန်းဝင်း | |
| ၃၇ | ဒေါ်အေးငြေး | | ၃၈ | ဒေါ်မိချော | |
| ၃၉ | ဒေါ်မြတင် | | ၄၀ | ဒေါ်စန်းလွင် | |
| ၄၁ | ဒေါ်ညိုထွေး | | ၄၂ | ဒေါ်အေးမိစံ | |
| ၄၃ | ဒေါ်စံ | | ၄၄ | ဒေါ်ခင်ဝင်းကြည် | |
| ၄၅ | ဒေါ်ဖွားငြေး | | ၄၆ | ဒေါ်မိစန်း | |

CamScanner

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ရွှေပင်လယ်ရပ်ရှိ ကျောင်းပင်ရွာဒေသခံများ၏

ပြသထားသောသစ်ပင်



CamScanner

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ငွေးပင်လယ်အုပ်စု၊ ညောင်ပင်ရွာကျေးရွာ၏

## ပြဿနာသစ်ပင်အစီရင်ခံစာ

ငွေးပင်လယ်ကျေးရွာအုပ်စု၊ ညောင်ပင်လယ်ကျေးရွာ၏ လိုအပ်ချက်များဖော်ထုတ်ခဲ့ပါသည်။ လိုအပ်ချက်များမှာ ရေပိုက်လိုင်း၊ လျှပ်စစ်မီးလင်းရေး၊ အလယ်တန်းကျောင်းဆောင်သစ်ဆောက်လုပ်ရန်၊ ရွာချင်းဆက်လမ်း(ကန်ဘူးရွာ-ညောင်ပင်ရွာလမ်း)၊ (ညောင်ပင်ရွာ-သံပုရာခြုံလမ်း)စသည်တို့ဖြစ်ပါသည်။

ကျေးရွာ၏အဓိက လိုအပ်ချက်ဦးစားပေးအဆင့်ကို ရွေးချယ်ခဲ့ကြပါသည်။ ရေပိုက်လိုင်းသည် ကျေးရွာလိုအပ်ချက်ပြဿနာဖြစ်နေပါသည်။ ဖြစ်နေရသော အကြောင်းအရင်းများမှာ သောက်သုံးရေ မလုံလောက်မှုများရှိနေခြင်း၊ ရွာသူရွာသားများရေသယ်ရန်အတွက် အချိန်ကုန်ခြင်း၊ အလှူတွေမှာ ရေသယ်ရန်အတွက် လူအင်အားများသုံးနေရခြင်း၊ ရေကို ဝယ်သောက်ရပြီး လူများပင်ပန်းခြင်းဖြစ်ကြပါသည်။


ကျောင်းသားများ ကျောင်းတက်ချိန်တွင် ရေခပ်နေရခြင်းကြောင့် စာသင်ချိန်များ ပျက်ခြင်းကြောင့် ပညာရေးကို အနှောက်အယှက်ဖြစ်နေပါသည်။ ရေကို အိမ်ရောက်အောင် သယ်နေရခြင်းကြောင့် နွေရာသီအချိန်တွင် အရေပြားယားယံတာတွေ၊ မျက်စိနာတာတွေ ဖျားနာတာတွေထိဖြစ်တတ်ပါသည်။ ထို့ကြောင့် ရေပိုက်လိုင်းလိုအပ်နေပါသည်။

ကျေးရွာအတွက် ရေပိုက်လိုင်းရရှိလာလျှင် ရေကို အချိန်မရွေးအသုံးပြုနိုင်ပါသည်။ နွေရာသီအချိန်တွင် မီးဘေးအန္တရာယ်ကို ကာကွယ်နိုင်ပါသည်။ ပညာသင်ချိန်များလဲတိုးလာပြီး စာပေလေ့လာမှုများပြီး ပညာတတ်များ များပြားလာမည်ဖြစ်ပါသည်။

ရွာသူ/သားများ ရေသယ်ရသက်သာလာတာနဲ့အမျှ အလုပ်ကိုစိတ်ချလုပ်ကိုင်လာနိုင်ပြီး စီးပွားရေးများတိုးတက်လာမည်ဖြစ်ပါသ်။ ငွေကြေးကုန်ကျစရိတ်များလဲ သက်သာလာမည်ဖြစ်ပါသည်။ ကျန်းမာရေးလဲကောင်းမွန်လာကြပါသည်။

ရေပိုက်လိုင်းရရှိလာလျှင် ညောင်ပင်ရွာကျေးရွာရှိ ရွာသူ/ရွာသားများသည် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အစစအရာရာ အဆင်ပြေလာပြီး သာယာသောကျေးရွာလေးဖြစ်လာပါသည်။ ပျော်ရွှင်စရာကောင်းသော ရွာကလေးဖြစ်လာမှာ အမှန်ပင်ဖြစ်ပါသည်။

## မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ရွာစဉ်လယ်ဆုတ်ရွာ၊ ညောင်ပင်ရွာကျေးရွာ၏ ပြဿနာစဖြေရှင်းနည်းများ



## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ညောင်ပင်ရွာကျေးရွာ၏ ပြဿနာဖြေရှင်းနည်းများ အစီရင်ခံစာ တင်ပြခြင်း

ညောင်ပင်ရွာကျေးရွာတွင် ရေကို အိမ်ရောက်သွယ်တန်းရန်အတွက် ရေပိုက်လိုင်းသွယ်ရန် ငွေကြေးအခက်အခဲရှိပါသည်။ တန်ခူး၊ ကဆုန်၊ တပေါင်းလများတွင် ရေတွင်းများတွင် ရေများခမ်းပါသည်။ ထို့ကြောင့် ကျေးရွာတွင်းရှိ အဝီစိရေတွင်းမှရေကို ရေစည်ဆောက်ပြီး ကျေးရွာတွင်း အိမ်များကို ဖြန့်ဝေပေးချင်ပါသည်။

ရေအိမ်ရောက်မသွယ်တန်းနိုင်လျှင် ကျောင်းသူ/သားများကို ထိခိုက်နိုင်ပါသည်။ ရေခပ်ရာတွင် ကလေးငယ်များသာ ခပ်ရသောကြောင့်ဖြစ်ပါသည်။ ကျေးရွာလူထုမှာလဲ အလုပ်လုပ်ချိန်နည်းပါလာပြီး စီးပွားရေးကို စိတ်ချလက်ချမလုပ်ကိုင်နိုင်ဖြစ်ရပါသည်။

ကျေးရွာသူ/သားများသည် စီးပွားရေးအဆင်ပြေမှုနည်းပါးသောကြောင့် ငွေကြေးစိုက်ထုတ်မှုနည်းပါးပါသည်။ ရွာသူ/သားများသည် အသိပညာဗဟုသုတနည်းပါးခြင်း၊ ယခင်ကအချိန်အဝါကြောင့် အစိုးရဌာဆိုင်ရာများသို့ သွားရောက်ချိတ်ဆက်လုပ်ကိုင်မှုအားနည်းပါသည်။

ညောင်ပင်ရွာကျေးရွာရှိ ရွာသူ/သားများသည် ယခုအခါတွင် ရေပိုက်လိုင်းသွယ်တန်းရန်အတွက် အစိုးရဌာနဆိုင်ရာများသို့ သွားရောက်လျှောက်ခြင်း၊ လိုအပ်ချက်များကို ဌာနနဲ့ကျေးရွာလူထုပူးပေါင်း အကောင်အထည်ဖော်ရန် လိုအပ်ချက်များ တင်ထားပါသည်။ စက်ရေတွင်းနဲ့ ရေစည်အတွက်ကိုလဲ ကျေးရွာလူထုမှ ငွေကြေးထည့်ဝင်ခြင်းနဲ့ ပြင်ပမှလဲ အလှူငွေများကောက်ခံရရှိပါသည်။

ကျေးရွာလူထုမှ အစိုးရထာနဆိုင်ရာများသို့ လျှောက်လွှာများတင်ထားခြင်းများ ရှိပါသည်။ ရေပိုက်လိုင်းရရှိလာလျှင် ပူးပေါင်းဆောင်ရွက်လိုစိတ်ကျေးရွာလူထုမှာ အပြည့်အဝရှိပါသည်။ အသိပညာဗဟုသုတများစွာလဲ ရရှိလာမည်ဖြစ်ပါသည်။

CS CamScanner

အစည်းအဝေးမှတ်တမ်း

နေရာ။ ။မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဝွေးပင်လယ်အုပ်စု၊ ညောင်ပင်ရွာကျေးရွာ

